# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

# လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော လက်ထောက်စာရင်းစစ်မှူးရာထူး (လစာနှုန်းကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) (၁၈၀)နေရာအတွက် သတ်မှတ်အရည်အချင်းပြည့်မီသူများလျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူမှာ အောက်ပါဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်-

(က) ဝါဏိဇ္ဇဘွဲ့(B.Com) (သို့မဟုတ်) စာရင်းကိုင်ပညာဘွဲ့ (B.Act) (သို့မဟုတ်) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A) ရရှိသူ

(ခ) အခြားဘွဲ့+ဒီပလိုမာစာရင်းကိုင်လက်မှတ်(DA) ရရှိပြီးသူ

(ဂ) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) ရရှိသူ

၃။ ဝါဏိဇ္ဇဘွဲ့ (B.Com) (သို့မဟုတ်) စာရင်းကိုင်ပညာဘွဲ့ (B.Act) (သို့မဟုတ်) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A) နှင့် အခြားဘွဲ့+ဒီပလိုမာစာရင်းကိုင်လက်မှတ်(DA) အတွက် အမျိုးသား (၃၀) ဦးနှင့် အမျိုးသမီး (၆၀) ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) အတွက် အမျိုးသား(၄၅)ဦး နှင့် အမျိုးသမီး (၄၅)ဦး ခန့်အပ်မည်ဖြစ်သည်။

၄။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၈ -၂၀၂၁ ရက်တွင် အသက် (၃၀) နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) အမှတ်စဉ်-၂၊ အပိုဒ်ခွဲ (က နှင့် ခ) အတွက် အခြေခံကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။

(စ) အမှတ်စဉ်-၂၊ အပိုဒ်ခွဲ(ဂ)အတွက် Web Design Programming Language Networking နှင့် System ပိုင်း ကျွမ်းကျင်သူဖြစ်ရမည်။

(ဆ) ခန့်ထားခြင်းခံရသူများသည် အနည်းဆုံး ၅ နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်းကတိခံဝန်ချက် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး အခြားဌာနများသို့ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခြင်းကိုခွင့်မပြုပါ။

(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal) ခံရသူများ လျှောက်ထား ခွင့်မရှိပါ။

၅။ အောက်ဖော်ပြပါ သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်-

(က) အမည်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ဂ) မွေးသက္ကရာဇ်

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(င) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်

(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဈ) ဆက်သွယ်ရန်လိပ်စာနှင့်ဆက်သွယ်ရမည့် ဖုန်း / Viber နံပါတ်နှင့် Email Address (ရှိလျှင်)

(ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံဖော်ပြရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား **ပူးတွဲ** ပေးပို့ရပါမည်-

(က) ဘွဲ့လက်မှတ်**မိတ္တူ** (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) ကွန်ပျူတာသင်တန်းဆင်းအောင်လက်မှတ်**မိတ္တူ**
(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်**မိတ္တူ**
(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံချက်**မူရင်း** (၃လအတွင်း)

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်**မူရင်း** (၃လအတွင်း)

(စ) လိပ်စာဖော်ပြပါ ဒေသတွင်အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်**မူရင်း** (၃လအတွင်း)

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား**မိတ္တူ**

(ဇ) ၃ လအတွင်းရိုက်ထားသော ပတ်စ်ပို့ ဓာတ်ပုံ(၃)ပုံ

(ဓာတ်ပုံကျောဘက်တွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(ဈ) တာဝန်ကျရာမည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာ

၇။ လျှောက်လွှာများကို ၂၉ - ၁၀ - ၂၀၂၁ ရက်အရောက်နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ စီမံရေးရာ၊လေ့ကျင့်ရေးနှင့်သုတေသနဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂) နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်စာရင်းစစ်ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင် (အမြန်ချောပို့) စနစ်ဖြင့်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက် နောက်ပိုင်းမှလက်ခံရရှိသည့် လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသည့် လျှောက်လွှာများ အားလက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး လျှောက်လွှာတစ်စောင်ကို အချိန်မီစေရန် ကြိုတင်မိတ္တူဟု ရေးသားပေးပို့နိုင်ပါသည်။

၉။ ဤရုံးတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး (၅)နှစ် မပြည့်မီ ဝန်ထမ်း အဖြစ်မှ နုတ်ထွက်လိုပါက လျော်ကြေးငွေ ကျပ် ၅၀၀,၀၀၀ (ကျပ်ငါးသိန်းတိတိ) ပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည် ဖြစ်ပါသည်။

၁၀။ သတ်မှတ်ချက်နှင့်ပြည့်စုံသော လူတွေ့ဖြေဆိုခွင့်ရှိသူများစာရင်းနှင့် ဖြေဆိုရမည့်နေ့ရက်ကို ဤရုံး၏ Website နှင့် နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံကြေငြာပါမည်။

၁၁။ အသေးစိတ်သိရှိလိုပါကပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ရုံးအမှတ်(၁၂)၊နေပြည်တော်(ရုံးချုပ်)၊ တယ်လီဖုန်းအမှတ်၊၀၆၇-၄၀၇၂၈၈၊ ၀၆၇-၄၀၇၇၆၃နှင့်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စာရင်း စစ်ချုပ်ရုံးများ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**